

## သံ၊ကြေး၊သတ္တုများဖြင့်ပွတ်တိုက်ခြင်း၊ ပန်းပွတ်ခြင်းလုပ်ငန်း







ပန်းပွတ်ခြင်းကြောင့်ထွက်ပေါ်လာသော အမှုန်များ နှာခေါင်းနှင့် ပါးစပ်အတွင်း မဝင်စေရန် နှာခေါင်းစည်းများသုံးရမည်။ ပန်းပွတ်ကိရိယာ လုပ်ရှားနေစဉ် ထိုအနားတွင် အလုပ်မလုပ်ပါနှင့်။

သံ၊ ကြေး၊ သတ္တုများ အချင်းချင်းပွတ်တိုက်ခြင်း ကြောင့်လည်းကောင်း၊ သံဖြင့် ကျောက်များကို ပွတ်တိုက်ရာမှ ထွက်လာသော ကျောက်အမှုန်များ၊ သံစ ကြေးစ အမှုန်များသည် မျက်စိအတွင်း နှာခေါင်းနှင့် ပါးစပ်အတွင်းသို့ ဝင်ရောက်ပြီး အသက်ရှူရန်ခက်ခဲခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ရင်ကြပ်ပန်းနာဖြစ်ခြင်း၊ မောပန်းခြင်းတို့ ဖြစ်နိုင်သည်။



ခန္ဓာကိုယ် အနေအထား
တစ်ခုတည်းဖြင့် ထိုင်ပြီး
အလုပ်လုပ်ခြင်းကြောင့်
ကြွက်သားများနှင့်
အကြောအခြင်များ
ကိုက်ခဲစေနိုင်သည်။
ထိုင်နည်းစာမျက်နှာတွင်
ကြည့်ပါ။






ပုံစံအနေအထားပြောင်းထိုင်ခြင်း၊
ထခြင်းများ ပြုလုပ်ရမည်။ အလုပ်လုပ်နေစဉ်
လက်အိတ်၊ နှာခေါင်းစည်း၊ မျက်မှန်စသည့်
အကာအကွယ်ပေးသော ကိရိယာများကို သုံးပါ။

# ကျောက်ဖြတ်စက်ဖြင့်အလုပ်လုပ်ခြင်း

ကျောက်ဖြတ်စက်မှလွင့်စင်လာတတ်သော
စက်သွားကြောင့်ထိခိုက်ဒဏ်ရာရနိုင်သည်။
အသုံးမပြုခင်စက်သွားကို သေချာတပ်ဆင်ပါ။
ထိုစက်အသုံးပြုရာနားတွင် အလုပ်လုပ်ခြင်းကိုရှောင်ပါ။








ကျောက်ဖြတ်စက်မှထွက်လာသောအမှုန်များသည်မျက်လုံးများအတွင်း၊
နှာခေါင်းနှင့်ပါးစပ်တွင်းသို့ဝင်ရောက်ပြီး
အသက်ရှူရန်ခက်ခဲခြင်း၊ချောင်းခြောက်ဆိုးခြင်း၊
ပန်းနာရင်ကြပ်ဖြစ်ခြင်း၊မောပန်းခြင်းတို့ဖြစ်နိုင်သောကြောင့်
နှာခေါင်းနှင့်ပါးစပ်စည်းများသုံးရမည်။

# ဓာတ်ငွေ့ဖြင့်သံဂဟေဆော်ရခြင်း





မီးလောင်လွယ်သော ပစ္စည်းများနှင့် ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများအနီး အလုပ် လုပ်ခြင်းကို ရှောင်ကြဉ်ပါ။ မီးလောင်လွယ်သော ပစ္စည်းများလည်း လုပ်ငန်း အနားတွင် မထားရ။






ဆေးလိပ်မသောက်ရ၊




မီးငြိမ်းသတ်နိုင်သော ကိရိယာ အနီးတွင် အဆင်သင့် ထားရှိရမည်။



# လျှပ်စစ်ဖြင့်သံဂဟေဆော်ခြင်း


မီးလောင်လွယ်သောပစ္စည်းများနှင့်
ပေါက်ကွဲစေတတ်သောပစ္စည်းများ
အနီးတွင်အလုပ်လုပ်ခြင်းကိုရှောင်ပါ။








မီးငြိမ်းသတ်နိုင်သော ကိရိယာ
အနီးတွင်အဆင်သင့်ထားရှိရမည်။

စူးရှသော အလင်းကို ကာကွယ်ရန်
မျက်စိကာနှင့် အလင်းကို ကာကွယ်ရန်
အထူးပြုလုပ်ထားသော မျက်မှန်တို့ကို
အသုံးပြုသင့်သည်။



ဘူဒိုဇာ ယာဉ်နားတွင် အလုပ်လုပ်ခြင်းကိုရှောင်ပါ။
အလုပ်လုပ်ရလျှင်လည်းအကာအကွယ်ပစ္စည်းများဖြစ်သော
ဖိုင်ဘာဦးထုပ်၊လက်အိတ်၊ဖိနပ် နှင့် နားပိတ်ကိရိယာတို့ကိုတပ်ဆင်ပါ။






# လုပ်ငန်းခွင်အမျိုးမျိုး


## คู่มือความปลอดภัย ในการทำงานทั่วไป




# လျှပ်စစ်မီးလုပ်ငန်း




လက်များ၊ ကိုယ်ခန္ဓာများ
ရေစိုနေလျှင် (သို့)
အနီးအနားတွင်
ရေထွန်း အိုင်နေလျှင်
လျှပ်စစ်ဓာတ်အားကို
မသုံးပါနှင့်။ လျှပ်စစ်မီးခလုတ်များ၊
အသုံးပြုရမည့် ကိရိယာများ၊
ပျက်စီးချွတ်ယွင်းနေလျှင်
ချက်ချင်းပြုပြင်ပါ။




ပျက်စီးချွတ်ယွင်းနေသော
လျှပ်စစ်သုံး ပစ္စည်းများကို
အသုံးမပြုပါနှင့်။ လျှပ်စစ်သုံး
ပစ္စည်းများအားလည်း
သန့်ရှင်းစွာထားပါ။






ဓာတ်လိုက်ပါက စိတ်ကို
ငြိမ်သက်စွာထားပြီး ခလုတ်ကို
ပိတ်ပါ။






ဓာတ်လိုက်သူအား
အဝတ်ဖြင့်
ဆွဲယူကယ်တင်ပါ။





အလုပ်လုပ်နေစဉ် လက်အိတ်များ၊
ရာဘာအိတ်များ၊ မျက်မှန်များ၊
ဒေါက်မြင့်သောဖိနပ်များ၊
အခွံမာသော ဦးထုပ် စသည့်
အကာအကွယ် ပစ္စည်းများ
ဆောင်းခြင်း၊ ဝတ်ဆင်ခြင်း
ပြုလုပ်ပါ။






အလုပ်လုပ်စဉ် အသံကျယ်လောင် ဆူညံခြင်း လျော့နည်းအောင်
နားပိတ်ကိရိယာများဖြင့် ကာကွယ်ရမည်။

## ကျဉ်းမြောင်းသောနေရာတွင်အလုပ်လုပ်ရခြင်း



ပြုတ်မကျစေရန်ကိုယ်အနေအထားထိန်းခါးပတ်ဝတ်သင့်သည်။
အချိန်ကြာကြာလုပ်ရလျှင်အသက်ရှူရန်အခက်အခဲကြောင့်
အရေးပေါ်အကူအညီရနိုင်ရန်တစ်စုံတစ်ယောက်အနီးအနားတွင်ရှိသင့်သည်။